THE WORLD BANK
IBRD • IDA | WORLD BANK GROUP

**NEWS RELEASE**

# လျှော်နှင့် ပဋိပက္ခ သက်ရောက်မှုများအကြား မြန်မာနိုင်ငံ၏ စီးပွားရေး အတန်အသင့် နာလံထူမှု လက္ခဏာများတွေ့ရ

*ပြည်တွင်းဝယ်လိုအားလျော့နည်းမှု၊ အလုပ်သမားရှားပါးမှုနှင့် လျှပ်စစ်ဓာတ်အား မကြာခဏ ပြတ်တောက်ခြင်းကြောင့် စီးပွားရေး မျှော်မှန်းချက်အလားလာမှာ အခက်အခဲအတားအဆီးများ ရှိနေဆဲဖြစ်*

**ရန်ကုန်၊ ဒီဇင်ဘာ ၈ ရက်၊ ၂၀၂၅ ခုနှစ်** - မတ်လတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အင်အားပြင်း မြေငလျင် လှုပ်ခတ်မှု၊ ပြည်တွင်း ပဋိပက္ခနှင့် လုပ်ငန်း လည်ပတ်မှု စနစ် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စိန်ခေါ်မှုများ၏ သက်ရောက်မှုများသည် မြန်မာ နိုင်ငံ၏ စီးပွားရေး မျှော်မှန်းချက် အလားအလာအား အခက်အခဲအတားအဆီးများသဖွယ် ဆက်လက် တည်ရှိနေသော်လည်း စီးပွားရေး နာလံထူလာသည့် လက္ခဏာများ အတန်အသင့် ရှိလာကြောင်း ကမ္ဘာ့ဘဏ်၏ နောက်ဆုံး ထုတ်ပြန်လိုက်သည့် မြန်မာ့စီးပွားရေးလေ့လာသုံးသပ်ချက် အစီရင်ခံစာ (Myanmar Economic Monitor) တွင် ဖော်ပြသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်လည်ပတ်မှုစွမ်းအားမှာ ဧပြီလနှင့် နှိုင်းယှဉ်ပါက မြင့်မားလာခဲ့ပြီး ယမန်နှစ်က သိသိသာသာထိုးကျခဲ့သော မြန်မာ ကျပ်ငွေ တန်ဖိုးမှာ ၂၀၂၅ တစ်နှစ်တာ ကာလတလျှောက် ဖြည်းဖြည်းမှန်မှန်ဖြင့် ပြန်လည် မြင့်တက် လာသည် ကို တွေ့ရကြောင်း အစီရင်ခံစာက ဖော်ပြသည်။ ငွေကြေးဖောင်းပွမှုမှာ လျော့ကျလာသော်လည်း အလုံးစုံ သော ကုန်ဈေးနှုန်းများမှာ မြင့်တက်နေဆဲဖြစ်ရာ အိမ်ထောင်စုများအနေနှင့် ဝင်ငွေ၊ ထွက်ငွေနှင့် ငွေကြေး သုံးစွဲမှု ကိစ္စအတွက် ခက်ခက် ခဲခဲ ဖြေရှင်းနေရဆဲဖြစ်သည်။ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်မှုမှာ ၂၀၂၅ ခုနှစ် စက်တင်ဘာလမတိုင်မီ ခြောက် လတာ ကာလအတွင်း မြင့်တက်လာခဲ့ရာ လျှော်ကြောင့် ကုန်စည် စီးဆင်းမှု ဆိုင်ရာ ကမောက်ကမဖြစ်မှုများ တစ်စိတ်တစ်ပိုင်း အားဖြင့် လျော့ကျလာသည့် သဘောမျိုး ဖြစ်ကြောင်း အစီရင်ခံစာက ဆိုသည်။

"မြန်မာနိုင်ငံမှာ စီးပွားရေး ပြန်လည်နာလည်ထူလာတဲ့ ကနဦးလက္ခဏာတွေကို တွေ့ရတာဟာ အားတက်စရာ ဆိုပေမယ့် လျှော်ဒဏ် ပြန်လည်ထူထောင်ရေးအတွက် ဘဏ္ဍာရေးနဲ့ ငွေကြေး လိုအပ်ချက်တွေ၊ ပြည်တွင်း ပဋိပက္ခနဲ့ လုံခြုံရေး အခြေအနေတွေ၊ လျှပ်စစ် ဓာတ်အား ပြတ်တောက်မှု တွေ အပါအဝင် အတားအဆီးများစွာနဲ့ ဆက်လက် ရင်ဆိုင်နေရပါတယ်။" ဟု **ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ဒေသဆိုင်ရာဒါရိုက်တာ မယ်လင်ဒါဂွတ်ဒ်**က ပြောကြားသည်။

၂၀၂၆ ခုနှစ် မတ်လတွင်ကုန်ဆုံးမည့် ဘဏ္ဍာနှစ်အတွက် အစစ်အမှန် ဂျီဒီပီမှာ ၂ ဒသမ ၀ ရာခိုင်နှုန်းခန့် ကျုံ့နေမည် ဟု ခန့်မှန်းထားသည်။ ယင်းမှာ ယခင်က အနုတ် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့် ရှိမည်ဟု ခန့်မှန်းခဲ့ရာမှ ပြန်လည်မြင့်တက်လာသည်။ လျှော်ဘေး အလွန် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများနှင့် လျှော်ဒဏ်

ဆိုးရွားစွာ ခံစားခဲ့ရသော ဒေသများအတွက် ဦးတည်ထားသည့် ပံ့ပိုး ကူညီမှုများ ဆက်လက် ဖြစ်ပေါ်နေမည်ဆိုလျှင် လာမည့် ၂၀၂၆/၂၇ ဘဏ္ဍာနှစ်တွင် ၃ ရာခိုင်နှုန်းခန့် အတန် အသင့် ပြန်တက်လာနိုင်ကြောင်း အစီရင်ခံစာက ဆိုသည်။ ငွေကြေးဖောင်းပွမှုမှာ မဝေးသည့် ကာလ တစ်ခုအတွင်း ၂၀ ရာခိုင်နှုန်း အထက်တွင် ဆက်လက်ရှိ နေလိမ့်မည်ဖြစ်ပြီး နေထိုင်မှု စရိတ်စကများ အပေါ် ဖိအားများ လည်းရှိနေမည်ဖြစ်သည်။ ပြန်လည် တည်ဆောက်မှုနှင့်ပတ်သက်သော သုံးစွဲမှုများ မြင့်တက် လာခြင်းကြောင့် ဘဏ္ဍာရေး စိန်ခေါ်မှုများ ဆက်လက် ရှိနေမည်ဖြစ်သည်။ ၂၀၂၆/၂၇ ဘဏ္ဍာနှစ်အတွင်း လိုငွေပြမှုသည် ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းထိရှိမည်ဟု မျှော်မှန်းထားသည်။ ပြည်သူ့ကြွေးမြီမှာ ဂျီဒီပီ၏ ၆၀ ရာခိုင်နှုန်းအထက်တွင်ရှိနေမည်ဖြစ်ပြီး ပြည်တွင်းငွေချေးမှုများလည်း မြင့်တက် နေမည်ဖြစ်သည်။

လျှင်နှင့် မကြာခဏ ဖြစ်ပွားပေါ်ပေါက်လျက်ရှိသည့် ရေကြီးရေလျှံမှုစသည့် သဘာဝ ဘေးဒဏ်များနှင့်ရင်ဆိုင်ရသော်လည်း ပုဂ္ဂလိကပိုင် စီးပွားရေး လုပ်ငန်းများနှင့် အလုပ်အကိုင်ဖန်တီးမှုများ အတွက် အဓိကမောင်းနှင်အားအဖြစ် ဆက်လက် တည်ရှိနေသည့် စိုက်ပျိုးမွေးမြူရေး စားသောက်ကုန် ထုတ်လုပ်မှု ကဏ္ဍ၏ကြံ့ကြံ့ခံနိုင်မှုကို ယခုအစီရင်ခံစာတွင် အသားပေး ဖော်ပြထားသည်။ စိုက်ပျိုး မွေးမြူရေး ဆိုင်ရာ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် စုစုပေါင်းထပ်တိုးထုတ်လုပ်မှုတန်ဖိုး၏ ၂၇ ရာခိုင်နှုန်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍအတွင်း အလုပ်အကိုင်ခန့်အပ်မှု၏ ၂၂ ရာခိုင်နှုန်းကို ကိုယ်စားပြု ပါဝင်လျက်ရှိသည်။

"စိုက်ပျိုးမွေးမြူရေးစားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ် တစ်ခုလုံး အားကောင်းလာစေရန် ဆောင်ရွက်ပေးခြင်းက ကဏ္ဍတစ်ခုလုံး ကြံ့ကြံ့ခံနိုင်စွမ်းရှိရေးနဲ့ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးအတွက် အင်မတန် အရေးကြီးပါတယ်။ နိုင်ငံတကာအတွေ့အကြုံတွေအရပြောရမယ်ဆိုရင် လုပ်ငန်း လုပ်ဆောင်နိုင်မယ့် ပတ်ဝန်းကျင် တိုးတက်ကောင်းမွန် အောင်လုပ်ပေးတာတို့၊ လယ်ယာ စိုက်ပျိုးရေး ဆိုင်ရာ အခြေခံ အဆောက်အအုံတွေ မှာ ရင်းနှီး မြှုပ်နှံပေးတာတို့ စတာတွေလုပ်ဆောင်ပေးနိုင်ပါတယ်။"" ဟု ကမ္ဘာ့ဘဏ်၏ Senior Economist ကီမိုးမန်ဆာရေးက သုံးသပ် ပြောကြားသည်။

စိုက်ပျိုး မွေးမြူရေးစားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ထုတ်လုပ်သူနှင့် ပြုပြင်စီမံထုတ်လုပ်သူအကြား အချိတ်အဆက်များ အားကောင်းမောင်းသန်ဖြစ်အောင် ဆောင်ရွက်ခြင်း၊ ကုန်စည် သိုလှောင်မှုနှင့် ကုန်စည်ထောက်ပံ့ပေးပို့မှုဆိုင်ရာ အခြေခံ အဆောက် အအုံများ အဆင့်မြှင့်တင်ခြင်းနှင့် ခေတ်မီသော ကုန်ထုတ် လုပ်မှု ဆိုင်ရာ နည်းပညာများ ရရှိအောင် ပံ့ပိုးပေးခြင်းတို့ ပါဝင်သည်။

**Contact:** press@worldbank.org; myanmar@worldbank.org
**Website**: https://www.worldbank.org/ext/en/country/myanmar